| | | |
|---|---|---|
| **ရက်စွဲ** | ။ | ၂၀၂၃ ခုနှစ်၊ မတ်လ၊ ၂၄ ရက် |
| **ထုတ်ပြန်သည့်အဖွဲ့အစည်း** | ။ | The Sentry and Justice For Myanmar |
| **အကြောင်းအရာ** | ။ | **မြန်မာခရိုနီတွေအပေါ် အမေရိကန်ရဲ့ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ကြိုဆိုကြောင်း ပူးတွဲထုတ်ပြန်ခြင်း** |

---

Star Sapphire Group, Star Sapphire Trading Company Limited, Star Sapphire Pte.Ltd. ကုမ္ပဏီတွေနဲ့ သူတို့ရဲ့ပိုင်ရှင်တွေဖြစ်ကြတဲ့ ထွန်းမင်းလတ်၊ ဇနီးဖြစ်သူ ဝင်းမင်းစိုးတို့အပေါ် အမေရိကန်ပြည်ထောင်စုက ဒီနေ့ချမှတ်လိုက်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှု တွေကို Justice For Myanmar နဲ့ The Sentry တို့က ကြိုဆိုပါတယ်။

Star Sapphire Group of Companies က ရောင်းဝယ်ရေး၊ စွမ်းအင်၊ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်း၊ သတ္တုတူးဖော်ရေးစတဲ့ စီးပွားရေးလုပ်ငန်းအစုံမှာ ဖြန့်ကျက်လုပ်ဆောင်တဲ့ မြန်မာ့စီးပွားရေးလုပ်ငန်းစုကြီးတစ်ခုဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်း Justice For Myanmar က ထုတ်ပြန်ခဲ့တဲ့အတိုင်း Star Sapphire Group of Companies ဟာ မြန်မာစစ်တပ်နဲ့ဆက်စပ်ပတ်သက်တဲ့ များပြားလှတဲ့ စီးပွားရေးလုပ်ငန်းတွေကို ပိုင်ဆိုင်ထားပါတယ်။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ မှာ ယူကေနိုင်ငံက Star Sapphire Group of Companies အပေါ် ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခဲ့ပါတယ်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားမှုအရ ထွန်းမင်းလတ်ဟာ “ဒရုန်းတွေနဲ့ လေယာဉ်စက်ပစ္စည်း အစိတ်အပိုင်းတွေအပါအဝင် စစ်လက်နက်တွေနဲ့ ပစ္စည်းတွေတင်ပို့ဖို့အတွက်” သူရဲ့ ကုမ္ပဏီတွေကို အသုံးပြုခဲ့ပြီး၊ အမေရိကန်ပြည်ထောင်စုက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ထားတဲ့ တရုတ်စစ်လက်နက်ထုတ်လုပ်ရေးကုမ္ပဏီ NORINCO ရဲ့ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ Star Sapphire Group of Companies နဲ့ မြန်မာစစ်တပ်အကြား အဖွဲ့အစည်းပိုင်းဆိုင်ရာ ဆက်နွယ်မှုတွေ ထင်ထင်ရှားရှားရှိထားတဲ့အပြင် ထွန်းမင်းလတ်၊ ဇနီးဖြစ်သူ ဝင်းမင်းစိုးတို့နဲ့ စစ်အုပ်စုခေါင်းဆောင်၊ ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်ရဲ့ မိသားစုတို့ကြား ဆက်နွယ်မှုတွေလည်း ထင်ထင်ရှားရှား ရှိနေပါတယ်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ၊ ဘန်ကောက်မြို့မှာ ထိုင်းရဲတပ်ဖွဲ့က ထွန်းမင်းလတ်ကို ဖမ်းဆီးစဉ် ထွန်းမင်းလတ်ရဲ့လက်ဝယ်မှာ မင်းအောင်လှိုင်ရဲ့ သားသမီးတွေနာမည်နဲ့ ပိုင်ဆိုင်မှုတွေကို တွေ့ရှိရတဲ့အကြောင်း Justice For Myanmar က သုတေသနပြုလုပ်ခဲ့ပြီး၊ ရိုက်တာသတင်းဌာန က ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရေးသားထုတ်ဝေခဲ့ပါတယ်။

ထွန်းမင်းလတ်နဲ့ အပေါင်းအပါတို့ကို မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုနဲ့ ငွေကြေးခဝါချမှုစွဲချက်တွေနဲ့ ဖမ်းဆီးခဲ့တာဖြစ်ပြီး၊ သူ့ကို ထိုင်းနိုင်ငံက အချုပ်မှာ ချုပ်နှောင်ထားပြီး၊ တရားရင်ဆိုင်နေရဆဲဖြစ်ပါတယ်။ ထွန်းမင်းလတ်ကို ဖမ်းဆီးစဉ်မှာ အောင်ပြည့်စုံနာမည်နဲ့ ဘန်ကောက်က တန်ဖိုးကြီးကွန်ဒိုတစ်လုံးရဲ့ ပိုင်ဆိုင်မှုအထောက်အထား၊ ခင်သီရိသက်မွန်နာမည်နဲ့ ထိုင်းဘဏ်စာအုပ်တစ်အုပ်တို့ကို ထွန်းမင်းလတ်ရဲ့လက်ဝယ်မှာ ထိုင်းရဲတွေက တွေ့ရှိခဲ့ပါတယ်။

အောင်ပြည့်စုံနဲ့ ခင်သီရိသက်မွန်တို့ဟာ မင်းအောင်လှိုင်ရဲ့ သားနဲ့သမီးဖြစ်ကြပြီး၊ သူတို့နှစ်ဦးကို အမေရိကန်ပြည်ထောင်စုက "သူတို့ ဖခင်ရဲ့ရာထူးနဲ့ မလျော်သြဇာတို့ကနေ တိုက်ရိုက်အကျိုးခံစားခွင့် ရရှိနေခြင်း" အတွက် ၂၀၂၁ ခုနှစ်၊ မတ်လမှာ ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ခဲ့ပါတယ်။

အဲ့ဒီစစ်ခရိုနီတွေအပေါ် အမေရိကန်ပြည်ထောင်စုက ဒဏ်ခတ်ပိတ်ဆို့မှုတွေကို The Sentry နဲ့ Justice For Myanmar တို့က ကြိုဆိုပြီး၊ ဥရောပသမဂ္ဂ၊ ယူကေ၊ ကနေဒါနဲ့ သြစတြေးလျနိုင်ငံတွေ အပါအဝင် သဘောထားတူညီတဲ့ တရားစီရင်ပိုင်ခွင့်နယ်မြေတွေအနေနဲ့ Star Sapphire ကုမ္ပဏီအားလုံးနဲ့ ပိုင်ဆိုင်သူတွေအပေါ် တရားစီရင်ပိုင်ခွင့် နယ်မြေတစ်ခုချင်းက ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ဖို့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြဖို့ တောင်းဆိုပါတယ်။

**Justice For Myanmar ရဲ့ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "Star Sapphire ကုမ္ပဏီတွေနဲ့ သူတို့ရဲ့ ပိုင်ဆိုင်သူနှစ်ဦးအပေါ် အမေရိကန်ပြည်ထောင်စုက အခုချမှတ်လိုက်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ကြိုဆိုပါတယ်။ သူတို့က မြန်မာစစ်တပ်ရဲ့ လူမျိုးတုန်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို ငွေကြေးပံ့ပိုးမှုနဲ့ စစ်လက်နက်ဝယ်ယူမှုတွေမှာ ပွဲစားအဖြစ်ဆောင်ရွက်ပေးမှုတွေကနေ အားပေးကူညီခဲ့တာ ဖြစ်ပါတယ်။ အခုချမှတ်လိုက်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေက ပထမဆုံးအကြိမ်အနေနဲ့ စင်ကာပူကုမ္ပဏီတစ်ခုကို ပစ်မှတ်ထားချမှတ်လိုက်တာဖြစ်တဲ့အတွက် ထူးခြားပါတယ်။ ဒီအချက်က စင်ကာပူနိုင်ငံဟာ မြန်မာခရိုနီတွေအတွက် လုံခြုံတဲ့နေရာ ဆက်မဖြစ်နိုင်တော့ဘူးဆိုတဲ့ သတင်းစကား ပါးလိုက်နိုင်တာ ဖြစ်ပါတယ်။ ထွန်းမင်းလတ်က စစ်ရာဇဝတ်ကောင် မင်းအောင်လှိုင်၊ သူရဲ့မိသားစုနဲ့ ပုဂ္ဂိုလ်ရေးဆက်ဆံမှု နက်နက်ရှိုင်းရှိုင်း ရှိထားပါတယ်။ သူတို့ကို စစ်တပ်ရဲ့ တရားမဝင်စစ်အာဏာသိမ်းကြိုးပမ်းမှုကနေ အကျိုးအမြတ်တွေရရှိအောင် ကူညီပေးပြီး ပိုင်ဆိုင်မှုတွေကို နိုင်ငံခြားမှာ ခြေရာဖျောက်နိုင်ဖို့ ကူညီပေးပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ သူရဲ့မဟာမိတ်နိုင်ငံတွေအနေနဲ့ ထက်အောင်၊ ခိုင်ဝင့်မွန်၊ စည်သူမောင်နဲ့ သန့်လွင်မိုးတို့ အပါအဝင် Star Sapphire ကွန်ရက်တစ်ခုလုံးနဲ့ ဒါ့အပြင် တရားမဝင်မြန်မာစစ်အုပ်စုရဲ့ အခြားသော ထောက်တိုင်အားလုံးအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ တိုးချဲ့ချမှတ်ဖို့ တိုက်တွန်းပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

**The Sentry ရဲ့ တရားမဝင်ဘဏ္ဍာရေးမူဝါဒဆိုင်ရာ ဒါရိုက်တာဖြစ်သူ Justyna Gudzowska က** “ထွန်းမင်းလတ်၊ ဝင်းမင်းစိုးနဲ့ Star Sapphire ကုမ္ပဏီတွေက အစုလိုက်အပြုံလိုက် လူသတ်ကျူးလွန်အဖွဲ့အစည်းဖြစ်တဲ့ မြန်မာစစ်တပ်နဲ့ သူတို့ရဲ့ခေါင်းဆောင်ပိုင်းတွေအတွက် အကျိုးဖြစ်စေဖို့၊ မြန်မာစစ်တပ်နဲ့ သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို အကျိုးဆောင်ပေးပြီး အားပေးအားမြှောက်လုပ်နေကြတဲ့ ထောက်တိုင် နမူနာတွေ ဖြစ်ကြပါတယ်။ အခု ဒဏ်ခတ်ပိတ်ဆို့မှုတွေက မြန်မာစစ်တပ်နဲ့ စီးပွားရေးလုပ်ဆောင်ရာမှာ ပါဝင်နေကြတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကော်ပိုရိတ်အဖွဲ့အစည်းတွေနဲ့ ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေကို မြန်မာစစ်တပ်နဲ့ သူတို့ရဲ့ အပေါင်းအပါတွေနဲ့ ပတ်သက်ရင် ဥပဒေကြောင်းဆိုင်ရာနဲ့ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ဆိုးကျိုးတွေကို ရင်ဆိုင်ရနိုင်ကြောင်း သတိပေးတားမြစ်ချက်တစ်ရပ် ဖြစ်စေပါတယ်” လို့ ပြောကြားခဲ့ပါတယ်။

**The Sentry သို့ သတင်းမီဒီယာများ စုံစမ်းရန်နှင့် အင်တာဗျူးတောင်းဆိုရန်** -

Director of Communications ဖြစ်သူ Greg Hittelman ghittelman@thesentry.org ကို ကျေးဇူးပြု၍ ဆက်သွယ်ပါ။

**Justice For Myanmar သို့ သတင်းမီဒီယာများ မေးမြန်းစုံစမ်းရန်** -

ပြောရေးဆိုခွင့်ရှိသူ မရတနာမောင် media@justiceformyanmar.org ကို ကျေးဇူးပြု၍ ဆက်သွယ်ပါ။

**Justice For Myanmar အကြောင်း**

Justice For Myanmar သည် တရားမျှတပြီး ငြိမ်းချမ်းသော ဖက်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံကို ဖန်တီးရန် ကြိုးပမ်းလျက်ရှိသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူများ၏ စုပေါင်းအဖွဲ့အစည်း ဖြစ်သည်။ စုပေါင်းအဖွဲ့သည် မညီမျှမှု၊ အကျင့်ပျက်ခြစားမှု၊ အကြမ်းဖက်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများအတွက် ရပ်ပံ့ငွေထောက်ပံ့နေသည့် ငွေကြေးများဖြစ်သော နိုင်ငံစုံစီးပွားရေးလုပ်ငန်းများနှင့် မြန်မာစစ်တပ်အကြား စီးပွားရေးဆက်နွယ်မှုများကို ဖော်ထုတ်ရန် စူးစူးစိုက်စိုက် သုတေသနပြုခြင်း၊ အချက်အလက်ပုံဖော်ခြင်းနှင့် ထိထိမိမိ အစီရင်ခံတင်ပြခြင်းများကို အသုံးပြုသည်။ ၎င်းတို့၏ လုပ်ဆောင်ချက်များသည် မြန်မာစစ်တပ်ထံမှ ဒေါ်လာသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုများ နုတ်ထွက်ရန် နိုင်ငံစုံကော်ပိုရေးရှင်းများအား ဖိအားပေးရာတွင်လည်းကောင်း၊ ပစ်မှတ်ထားဒဏ်ခတ်ပိတ်ဆို့မှုများချမှတ်စေရန် အတွက်လည်းကောင်း၊ မြန်မာပြည်တွင်း အခြေအနေများကို နိုင်ငံတကာသိရှိအောင် လုပ်ဆောင်ရာတွင်လည်းကောင်း ကူညီခဲ့သည်။

## The Sentry အကြောင်း

***(The Sentry သည် အကျင့်ပျက်ခြစားမှုကို ခြေရာခံဖော်ထုတ်သည့် သုတေသနအဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။)***

The Sentry သည် အကြမ်းဖက်ပဋိပက္ခများ၊ ဖိနှိပ်မှုများနှင့် စောရရာဇစနစ်တို့မှ အကျိုးအမြတ်ရရှိကြသည့် နိုင်ငံစုံ ခေါင်းပုံဖြတ်အမြတ်ကြီးစားကွန်ရက်များကို ပိတ်ပင်ရန် ကြိုးပမ်းသည့် စုံစမ်းဖော်ထုတ်ရေးနှင့် မူဝါဒဆိုင်ရာအဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။ စစ်ပွဲများ၊ အစုအပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုများနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများ၏ ကန့်လန့်ကာကို ဆွဲဖွင့်လိုက်ပါ။ အကြီးအကျယ် အကျင့်ပျက်ခြစားမှုများနှင့် အတားအဆီးမဲ့ စည်းစိမ်းပစ္စည်းများကို တွေ့ရပါလိမ့်မည်။ ကျူးလွန်သူများအတွက် ထိုက်တန်သည့်အကျိုးဆက်များကို မရရှိခြင်းကြောင့် ဤအဖြစ်ဆိုးများ ဆက်လက်တည်ရှိနေပါသည်။ The Sentry သည် ငြိမ်းချမ်းရေးနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးအပေါ် အစဉ်မပြတ်နှောက်ယှက်ထိပါးလျက်ရှိသည့် ဖောက်ပြန်သောမတ်လုံးပေးအစီအစဉ်များကို ပြောင်းလဲရန် ရည်ရွယ်သည်။ ကျွန်ုပ်တို့၏စုံစမ်းစစ်ဆေးမှုများသည် စစ်ပွဲဇုန်များမှ ကမ္ဘာတဝှမ်းရှိ ဘဏ္ဍာရေးဌာနများသို့ ခဝါချသော ငွေကြေးများကို ခြေရာခံဖော်ထုတ်ပါသည်။ အကြမ်းဖက်မှုများနှင့် အဂတိလိုက်စားမှု ကျူးလွန်သူများအား အရေးယူတာဝန်ခံစေရန်အတွက် အစိုးရများ၊ ဘဏ်များနှင့် ဥပဒေစိုးမိုးရေးအဖွဲ့များအတွက် သက်သေအထောက်အထားများနှင့် မဟာဗျူဟာများ ပံ့ပိုးပါသည်။ ဤကြိုးပမ်းမှုများသည် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများအတွက် အသုံးချနိုင်မှု အသစ်တစ်ရပ်ကို ပေးအပ်ပါသည်။